ビルマ語研修テキスト

# ビ　ル　マ　語　会　話

根本　　敬　編

東京外国語大学
アジア・アフリカ言語文化研究所
1991

# ビルマ語会話

根本　敬 編

# まえがき

本テキストは、1991年度東京外国語大学アジア・アフリカ言語文化研究所主催の「夏期ビルマ語研修」のために編集した、会話練習のための教科書である。

全体は二部から構成されている。「第一部　基本会話例文」では、自己紹介や挨拶、買い物の際に使う表現など、極基本的な会話表現を例示し、「第二部　本科」においては、日常会話における様々な表現を、シチュエーション別に十種類のレッスンに分けて示した。なるべくビルマ人同士が使う自然な会話例を示すべく工夫したつもりである。

本テキストの編集にあたっては、東京外国語大学インドシナ語科客員教授のドォ・スィー・スィー・ウィン先生（Daw Si Si Win）と、東京国際大学経済学部に留学中のソウ・ミンさん（U Soe Myint）に大変お世話になった。ここに記して感謝申し上げます。

1991年６月17日

根本　敬

( တက္ကသိုလ်ဘာနည်အောင် )

（テキストに印字されたビルマ文字は Asian Writer Laboratory　の Burmese Writer によるものである）

# 目　次


第一部　<u>基本会話例文</u> ---------------------------------------- 1

第二部　<u>本　科</u> ---------------------------------------- 15

第１課　おや、コウ・フラ・サウンじゃないか　17
第２課　このロンヂー、一着いくらですか　20
第３課　何の映画を見るの　23
第４課　先生、入ってもいいですか　27
第５課　君は全く勇気がないなあ　30
第６課　新しい友人を紹介しよう　35
第７課　国営商店というものは－－－　39
第８課　バス地獄　44
第９課　水祭り　48
第10課　停電はいつものことだよ　54

# 第一部　基本会話例文

# 基本会話例文

下線部を入れ替えて練習してみましょう

## 自己紹介

ကျွန်တော်မောင်မောင်လို့ခေါ်ပါတယ်။
ကျွန်တော်မောင်မောင်ပါ။

တွေ့ရတာသိပ်ဝမ်းသာပါတယ်။

ရန်ကုန်မှာမွေးပါတယ်။
　　တိုကျို　ဂျပန်　မန္တလေး

အခုကျောင်းဆရာလုပ်နေပါတယ်။
　　ရုံးဝန်ထမ်း　ကုမ္ပဏီဝန်ထမ်း
အခုကုမ္ပဏီမှာအလုပ်လုပ်နေပါတယ်။
　　တက္ကသိုလ်　အိမ်　ဆိုင်　ရုံး
အခုတက္ကသိုလ်တက်နေပါတယ်။

အိမ်ထောင်မကျသေးပါဘူး။

သားသမီးမရှိသေးပါဘူး။

ညီအကိုမောင်နှမ ၃ ယောက်ရှိပါတယ်။

ဘော်လုံးကစားတာဝါသနာပါတယ်။

ဘော်လီဘော်ကစားတာ

တင်းနစ်(စ်)ရိုက်တာ

အင်္ဂလိပ်စကားကောင်းကောင်းပြောတတ်ပါတယ်။

ဗမာ ပြင်သစ် ယိုးဒယား

နဲနဲ တော်တော်လေး

အသက် ၂၃ နှစ်ရှိပါပြီ။

၁၈ ၂၇ ၃၁ ၅၂

ရန်ကုန်မှာ ၃ နှစ်လောက်နေပါလိမ့်မယ်။

၁ နှစ်လောက် ၇ နှစ်လောက် ၆ လလောက်

အချိန်မရွေးကျွန်တော့်အိမ်ကိုလာခဲ့ပါ။

# 挨　拶

学校の先生に対して

မင်္ဂလာပါ ဆရာ（ဆရာမ）။

年上、もしくはあまり親しくない人に対して

နေကောင်းပါသလား ခင်ဗျာ（ရှင်）။
ထမင်းစားပြီးပြီလား ခင်ဗျာ（ရှင်）။
ဘယ်ကိုသွားပါမလဲ ခင်ဗျာ（ရှင်）။
မတွေ့တာကြာပါပြီ ခင်ဗျာ（ရှင်）။

親しい者同志

နေကောင်းရဲ့လား။
အဆင်ပြေလား။
စားပြီးပြီလား။
ဘယ်သွားမလို့လဲ။
ဘယ်ကလာသလဲ။
ဘယ်ကလဲ။

別れ際

သွားလိုက်ပါအုံးမယ် ခင်ဗျာ(ရှင်)။
သွားတော့မယ်။
သွားမယ်နော်။
ခွင့်ပြုပါ ဆရာ(ဆရာမ)။

御礼・感謝

ကျေးဇူးအများကြီးတင်ပါတယ် ခင်ဗျာ(ရှင်)။
ကျေးဇူးတင်ပါတယ်။
ကျေးဇူးဘဲနော်။
thank you နော်။

感謝への答礼

ကိစ္စမရှိပါဘူး။
ရပါတယ် ခင်ဗျာ(ရှင်)။

________のおかげで－－－－

ဆရာ့ကျေးဇူးကြောင့် စာမေးပွဲအောင်ပါတယ်။
ခင်ဗျာ့ ဦးမောင်မောင်(ရဲ့)
အလုပ်(ကို)ရ ကားငှါးနိုင်

謝罪

ကျွန်တော်တောင်းပန်ပါတယ် ခင်ဗျာ(ရှင်)။
ခွင့်လွှတ်ပါ ခင်ဗျာ(ရှင်)။
ဆော်ရီးဘဲ။

遅刻を謝る

နောက်ကျတာ ခွင့်လွှတ်ပါ ဆရာ(ဆရာမ)။

恐縮

အားနာပါတယ်။
ဒုက္ခမရှာပါနဲ့။

すみませんが－－－－して下さい

ကျေးဇူးပြု၍ ဒီစာကိုပို့ပေးပါ။
ကျေးဇူးပြုပြီး ဈေးကကြက်သားဝယ်လာပေးပါ။

## 買い物

値段を聞く

(ဒါ)ဘယ်လောက်လဲ။
(ဒါ)ဘယ်လောက်ပေးရမလဲ။

値引き交渉

ဈေးကြီးတယ်၊ လျှော့ပါအုံး။
ဈေးများတယ်၊ လျှော့လိုက်ပါ။
၂၀ ထားပါ။
၁၀ ၃၀ ၅၀

ほかの種類を見せてもらう

တခြားမရှိဘူးလား။
ပိုကြီးတာ ပိုလှတာ ပိုဈေးသက်သာတာ

交渉成立

ဟုတ်ကဲ့၊ ယူပါမယ်။

ဟုတ်ကဲ့၊ ဝယ်ပါမယ်။

不成立

မယူ(သေး)ပါဘူး။
မဝယ်(သေး)ပါဘူး။
မဝယ်တော့ဘူး။

# タクシーに乗る

行き先を告げる

ရန်ကုန်ဆေးရုံ သွားချင်တယ်။
　　ရန်ကုန်တက္ကသိုလ်
　　ကမ္ဘာအေးဘုရား
　　ရန်ကုန်ဘူတာရုံ(ဘူတာကြီး)
　　သမ္မတဟိုတယ်
　　ဂျပန်သံရုံး

運転手との交渉例

(客) ဘယ်လောက်ပေးရမလဲ။

(運) ဘယ်နှစ်ယောက်လဲ။

(客) ၂ ယောက်ပါ။

(運) ဒါဆို ၂၀ နဲ့ သွားမယ်။

(客) လျှော့ပါ၊ ဈေးများတယ်လေ။
　　၁၅ ထားပါ။

(運) ၁၈ ကျပ်နဲ့ သွားမယ်၊ ဒါထက်မလျှော့နိုင်ဘူး။

(客) ဟုတ်ကဲ့၊ ရပါတယ်၊ စီးမယ်။ ← 乗る場合
　　ဟုတ်လား၊ ဒါဆိုမစီး(သေး)ဘူး။ ← 断る場合

# 食事

食べたいか否か相手に聞く

ထမင်းစားပြီးပြီလား။
ထမင်းဆာနေပြီလား။
ဗိုက်ဆာနေပြီလား။

おかず

ဘာဟင်းနဲ့ စားမလဲ။
ဘာဟင်းနဲ့ စားချင်သလဲ။

ကြက်သားဟင်းနဲ့ စားမယ်။
ငါးဟင်းနဲ့ စားချင်တယ်။
အမဲသားဟင်း ဝက်သားဟင်း ဘဲသားဟင်း

外食

ဘယ်ကိုသွားစားမလဲ။
တရုတ်စားသောက်ဆိုင်ကိုသွားရအောင်။
ပြင်သစ် ဂျပန် ယိုးဒယား ရုရှ အီတလီ
ဗီယက်နမ် ကိုရီးယား

何を食べるか

ဘာစားချင်သလဲ။

ဟင်းသီးဟင်းရွက်ကြော်စားချင်တယ်။

ကြက်ဥကြော် ဘဲဥကြော်

ဝက်သားကင် ရှမ်းခေါက်ဆွဲ

အာလူးကြော် ဒန်ပေါက်

ကြက်သားချိုချဉ်ကြော်

မုန့်ဟင်းခါး

ထမင်းကြော်

何を飲むか

ဘာသောက်ချင်သလဲ။

လက်ဘက်ရည်သောက်ချင်တယ်။

ရေ ဘီယာ စပါကရင် ကော်ဖီ

အရက် နွားနို့ ရေနွေးကြမ်း

（参考）ビルマ人の食事時間と中味

မနက်စာ 朝食 မနက်စောစော (၆:၀၀-၇:၀၀)

မုန့်ဟင်းခါး ခေါက်ဆွဲ ပေါင်မုန့်

လက်ဘက်ရည် ကော်ဖီ

နေ့လယ်စာ　昼食　၁၀:၃၀-၁၁:၃၀

ထမင်း　ဟင်း　ဟင်းသီးဟင်းရွက်

ဟင်းချို

မုန့်ပဲသရေစာ　おやつ　၂:၀၀-၃:၀၀

မုန့်ဟင်းခါး　ရှမ်းခေါက်ဆွဲ　လဘက်သုတ်

ကိတ်မုန့်

လက်ဘက်ရည်　ကော်ဖီ

ညစာ　夕食　၅:၀၀-၆:၀၀

（　昼食に同じ　）

ビルマ人の好む調味料

ငါးပိ　（ငါးပိကျော်　ငါးပိရည်）

ပဲငံပြာရည်

## その他

順調ですか

အဆင်ပြေသလား။

ဟုတ်ကဲ့၊ အဆင်ပြေပါတယ်။

楽しいですか

ပျော်ရဲ့လား။

ဟုတ်ကဲ့ ပျော်ပါတယ်။

ごはんもういっぱい食べますか

ထမင်းယူအုံးမလား။

ဟုတ်ကဲ့၊ ယူပါမယ်။

တော်ပါပြီ၊ မယူတော့ပါဘူး။

呼びかけに対する答え方

ကိုမောင်မောင် !

ခင်ဗျာ။ (ဟုတ်ကဲ့ とは答えない)

〈女性は"ရှင်"と答える〉

美しい女性の褒め言葉

သိပ်ချောတယ်။ (သိပ်လှတယ်)

မိတယ်။

ဟော့ရှော့ဘဲ။ (Hot Shot)

「愛する」と「好き」 → (ချစ်တယ်။ と ကြိုက်တယ်။)

မခင်လှကိုချစ်တယ်။ ဂျပန်စားစရာကိုကြိုက်တယ်။

ခွေးကိုချစ်တယ်။ ဗမာစာပေကိုကြိုက်တယ်။

ー ーーーしてからーーーする（してください）

ပြီး / ပြီးတော့

ထမင်းစားပြီး အိမ်ပြန်မယ်။

ပထမ သမ္မတဟိုတယ်သွားပြီးတော့ ဂျပန်သံရုံးသွားပါ။

ဒေါ်မြင့်မြင့်ကြည်အိမ်

တက္ကသိုလ်စာကြည့်တိုက်

ဗိုလ်ချုပ်ဈေး

ရွှေတိဂုံဘုရား

လေဆိပ် တိရစ္ဆာန်ရုံ

အမျိုးသားရေကူးကန်

トイレに行く

အိမ်သာဘယ်မှာရှိပါသလဲ။

အပြင်ကိုသွားချင်ပါတယ်။

# 第二部　本　科

အခန်း ၁ ဟာ၊ ကိုလှဆောင်ပါလား။

က–ကိုလှဆောင်
ခ– ကိုဇာနည်အောင်
ဂ– ဒေါ်မြဝင်း
ဃ– ဦးသိန်းမောင်
င– ဦးထွန်းဝေ

က။ ကိုဇာနည်အောင်ရှိပါသလား ခင်ဗျာ။
ဂ။ ဟုတ်ကဲ့၊ ရှိပါတယ် ရှင်။
ခဏထိုင်ပါအုံး ရှင်။
ခ။ ဟာ၊ ကိုလှဆောင်ပါလား။
တွေ့ရတာဝမ်းသာပါတယ်။
နေကောင်းရဲ့လား။
က။ ဟုတ်ကဲ့၊ ကောင်းပါတယ်။
ခ။ ခဏနေအုံး၊ ကျွန်တော် အဝတ်လဲလိုက်အုံးမယ်။
လက်ဘက်ရည်ဆိုင်သွားရအောင်။
က။ ဟုတ်ကဲ့။

( ၂ ယောက် လက်ဘက်ရည်ဆိုင်ကိုသွားကြတယ်။ )

က။ ဟာ၊ဟိုမှာ ဦးသိန်းမောင်နဲ့ ဦးထွန်းဝေတို့ ထိုင်နေတယ်။
သူတို့ဆီသွားရအောင်။

ခ။ ကောင်းသားဘဲ၊သွားကြစို့။

ဃ။ ဟာ၊မောင်လှဆောင်နဲ့ မောင်ဇာနည်အောင်တို့ပါလား။
လာကြ၊လာကြ။ ထိုင်၊ထိုင်။

င။ မင်းတို့နဲ့ မတွေ့တာကြာပြီနော်။
အဆင်ပြေကြရဲ့လား။

က။ ဟုတ်ကဲ့၊အဆင်ပြေပါတယ် ခင်ဗျာ။

ခ။ ကျွန်တော်လဲ အဆင်ပြေပါတယ် ခင်ဗျာ။
ဦးလေးတို့ရော၊မိသားစုရော နေကောင်းကြပါသလား။

ဃ၊င။ အေး၊ကောင်းကြပါတယ်ကွာ။

ရှိပါသလား။

ကိုဇာနည်အောင်ရှိ<u>ပါသလား</u>။

ကိုလှဆောင် ဆရာ

ခဲတံ မှတ်စုစာအုပ် လိမ္မော်သီး

— ပါလား။

ကိုလှဆောင် <u>ပါလား</u>။

ကိုဝင်းနိုင် မခင်လှ မောင်ကိုကို

—— တို့ပါလား။

မောင်လှဆောင်နဲ့ မောင်ဇောနည်အောင် <u>တို့ပါလား။</u>

မခင်ကြည်နဲ့ မအေးအေးမြင့်

V + ရအောင်။

V + ကြစို့။

သွားရအောင်။

ဆွေးနွေးကြစို့။

ရုပ်ရှင်ရုံသွား    စာဖတ်    ထမင်းစား

အိမ်ကိုပြန်    တင်းနစ်(စ်)ရိုက်    ဘတ်(စ်)ကားစီး

ခဏ နေ(ပါ)အုံး။

ခဏ ထိုင်(ပါ)အုံး။

အခန်း ၂ ဒီလုံချည်တစ်ထည် ဘယ်လောက်လဲ။

က- မတင်တင်လှ
ခ- မသန်းသန်းထွေး
ဂ- ဆိုင်ရှင်(၁)
ဃ- ဆိုင်ရှင်(၂)

က။ ဟော၊ သန်းသန်းထွေးပါလား။
ဈေးသွားမလို့လား။
ခ။ ဟာ၊ မမပါလား။
ဟုတ်ကဲ့၊ ဈေးသွားမလို့ပါ။
မမလဲ ဈေးသွားမလို့လား။
က။ အေးကွယ်။
ခ။ ဒါဆိုရင် အတူတူဈေးသွားရအောင်။

(၂ ယောက် လုံချည်ဆိုင်ကို ဝင်ကြတယ်။)

က။ ဒီလုံချည်အဆင်လှတယ်နော်။
တစ်ထည်ဘယ်လောက်လဲ။

ဂ။ တစ်ထည် ၁၀၀-ပါ။
က။ ဈေးကြီးလိုက်တာ၊ လျှော့ပါအုံး။
ဂ။ မလျှော့နိုင်ပါဘူး၊ ဒါက နောက်ဆုံးဈေးပါ။
ခ။ လာပါ၊ မမရယ်။
ဒီပြင်ဆိုင်သွားကြည့်ရအောင်။
က။ သန်းသန်းထွေးရော ဘာဝယ်စရာရှိလဲ။
လုံချည်ဘဲလား။
ခ။ ဟင့်အင်း၊ ကျွန်မ အင်္ကျီဝယ်မလို့ပါ။
က။ ဟုတ်လား၊ ဒါဆိုရင် ဟိုဘက်ကအင်္ကျီဆိုင်သွားရအောင်။

( ၂ ယောက် အင်္ကျီဆိုင်ကို ဝင်ကြတယ်။ )

ခ။ ဒီအင်္ကျီ တစ်ထည်ဘယ်လောက်ပါလဲ ရှင်။
ဃ။ တစ်ထည် ၁၀၀-ပါ။
ခ။ များလိုက်တာ၊ ၉၀-မရဘူးလား။
ဃ။ ဟုတ်ကဲ့၊ ရပါတယ် ရှင်။
က။ ကွန်မလဲ ဒီအပြာရောင်တစ်ထည်ယူချင်တယ်။
ဃ။ ဒီအပြာအင်္ကျီက တစ်ထည် ၁၂၀-ပါ။
က။ မများဘူးလား၊ လျှော့ပါအုံး။
ဃ။ ၁၂၀-ကတော့လျှော့ဈေးပါ။
ဒါထက် မလျှော့နိုင်ပါဘူး ရှင်။

ခ။ မမ ဒီနေ့ ကံမကောင်းဘူးနော်။
ဝယ်ချင်တဲ့လုံချည်ရော အင်္ကျီရော ဈေးကြီးတယ်။
ကဲ၊ နောက်တစ်ဆိုင်သွားကြည့်ရအောင်။

—— မလို့လား။

—— မလို့ပါ။

ဈေးသွားမလို့လား။
ဟုတ်ကဲ့၊ ဈေးသွားမလို့ပါ။
ကျောင်း ရုံး မှတ်တိုင် လေဆိပ် စာတိုက်

adj / adv + လိုက်တာ။

ဈေးကြီးလိုက်တာ။
ဝမ်းသာ ရက်စက် ကောင်း လှ

ဒါဆိုရင် ----

ဒီနေ့ အဆင်မပြေဘူး။
ဒါဆိုရင် မနက်ဖြန်လာခဲ့ပါ။

ရပါတယ် の意味範囲

## အခန်း ၃ ဘာရုပ်ရှင်ကြည့်မှာလဲ။

က– ကိုလှဆောင်
ခ– ကိုမောင်ဝင်း
ဂ– ကိုလှဦး
ဃ– ကိုစိုးနိုင်
င– ကားသမား

က။ ဟာ၊ ကိုမောင်ဝင်းတို့ပါလား။
ဘယ်သွားမလို့လဲ။

ခ။ ကျွန်တော်တို့ ရုပ်ရှင်သွားမလို့။
ခင်ဗျားကောလိုက်မလား။

က။ လိုက်မှာပေါ့။ ဒါပေမဲ့ ဘာရုပ်ရှင်ကြည့်မှာလဲ။
ဗမာ့ရုပ်ရှင်လား၊ နိုင်ငံခြားရုပ်ရှင်လား။

ဂ။ ဗမာ့ရုပ်ရှင်က အမြဲအချစ်ဇာတ်လမ်းဘဲ။
ငြီးငွေ့စရာကောင်းတယ်။
အခု ကျွန်တော်တို့ ပပဝင်းရုံမှာတင်တဲ့အင်္ဂလိပ်ရုပ်ရှင်ကြည့်ဘို့ ဆုံးဖြတ်ထားတယ်လေ။

က။ ကောင်းသားဘဲ။
ကျွန်တော်လဲ အဲဒီရုပ်ရှင်မကြည့်ရသေးဘူး။ သွားကြစို့။

ဃ။ အချိန်တောင်နီးနေပြီ။

တက္ကစီနဲ့သွားမလား၊ ဘတ်(စ်)ကားနဲ့သွားမလား။

ခ။ အချိန်သိပ်မရှိလို့ တက္ကစီနဲ့သွားရအောင်။
ကိုလှဦး တက္ကစီခေါ်ဗျာ။

(ကိုလှဦး ခေါ်လို့ တက္ကစီတစ်စီးရပ်လာတယ်)

ဂ။ ပပဝင်းရုံကိုသွားမယ်၊ ဘယ်လောက်ပေးရမလဲ။

င။ ပပဝင်းရုံလား၊ ဘယ်နှစ်ယောက်လဲ။

ဂ။ ၄ ယောက်ပါ။

င။ ဒါဆို ၃၅ ကျပ်ပေးဗျာ။

ဂ။ များတာပေါ့၊ အစိတ်(၂၅ ကျပ်) ထားပါ။

င။ မများပါဘူး။ ခေတ်ဆီဈေးသိပ်ကြီးနေတာခင်ဗျားတို့လဲ
သိမှာပေါ့။

ဂ။ သိတော့သိပေမဲ့ ၃၅ ကျပ်တော့များလွန်းတယ်ဗျာ။
လျှော့ပါအုံး။

င။ ဒါဆို ၃၀ ပေးပါ။ ဒီထက်တော့ မလျှော့နိုင်ဘူး။

ဂ။ ဘယ်လိုလဲ၊ ၃၀ တဲ့၊ ဒီထက်မလျှော့နိုင်ဘူးတဲ့။
သွားမလား။

ခ။ သွားကြစို့၊ အချိန်သိပ်မရှိတော့ဘူး။

ဂ။ ကားဆရာ သွားမယ်ဗျာ။

င။ တက်၊ တက်၊ မောင်းမယ်။

—— စရာကောင်း

ငြီးငွေ့စရာကောင်းတယ်။
ချစ်စရာကောင်း
အံ့ဩစရာကောင်း
ကြောက်စရာကောင်း
သနားစရာကောင်း
ရယ်စရာကောင်း
နှမြောစရာကောင်း

မ V ရသေးဘူး။

အဲဒီရုပ်ရှင် မကြည့်ရသေးဘူး။
ဒီဝတ္ထု မဖတ်ရသေးဘူး။
ဒီကိစ္စ မပြောရသေးဘူး။

သိပ်မ —လို့

အချိန် သိပ်မရှိလို့ တက္ကစီနဲ့သွားရအောင်။
ပိုက်ဆံ သိပ်မရှိလို့ တက္ကစီမစီးနိုင်ဘူး။
နေ သိပ်မကောင်းလို့ ရုံးမတက်နိုင်ဘူး။

—— တာပေါ့၊ — မှာပေါ့။

မျှားတာပေါ့။
သွားချင်တာပေါ့။
သိမှာပေါ့။
အောင်မှာပေါ့။

—— တော့ — ပေမဲ့

သိတော့သိပေမဲ့ ၃၅ ကျပ်တော့ များလွန်းတယ်။
လုပ်တော့လုပ်ပေမဲ့ မအောင်ဘူး။
သွားတော့သွားပေမဲ့ မတွေ့နိုင်ဘူး။
ချစ်တော့ချစ်ပေမဲ့ လက်မထပ်ချင်သေးဘူး။

—— တဲ့။ (伝聞)

ဒီထက်မလျှော့နိုင်ဘူးတဲ့။
သူ ထီပေါက်တယ်တဲ့။
မမြင့်မြင့်ကြည်ကို သဘောကျတယ်တဲ့။
ရန်ကုန်ကို ပြန်သွားချင်တယ်တဲ့။

## အခန်း ၄ ဆရာမ ဝင်ခွင့်ပြုပါ။

က- မသန်းသန်းထွေး
ခ- ဆရာမဒေါ်စိုးမြင့်

က။ ဆရာမ၊ ဝင်ခွင့်ပြုပါ။

ခ။ ဟော၊ မသန်းသန်းထွေးပါလား။ ဝင်ပါ၊ ဝင်ပါ။

က။ ကျွန်မ စာမေးပွဲအောင်လို့ ဆရာမကိုကန့်တော့ချင်လို့ပါ။

(မသန်းသန်းထွေး ဆရာမကိုလက်ဆောင်ပေးပြီး ကန့်တော့တယ်။)

ဆရာမရဲ့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး။
ဆရာမနဲ့ဆက်ဆံတဲ့အခါ ကျွန်မပြောမှားဆိုမှားရှိခဲ့ရင် ခွင့်လွှတ်ပါ ဆရာမ။

ခ။ ခွင့်လွှတ်ပါတယ်ကွယ်။
ဒါထက် မင်း စာမေးပွဲအမှတ်ကောင်းရဲ့လား။
ကိုယ်လိုချင်တဲ့မေဂျာကိုရနိုင်ရဲ့လား။

က။ ဟုတ်ကဲ့၊ အမှတ်ကောင်းပါတယ်၊ လိုချင်တဲ့မေဂျာလဲ ရနိုင်ပါတယ် ဆရာမ။

ခ။ ဒါဆိုရင် ဘာမေဂျာတက်ဘို့ရည်ရွယ်သလဲ။
က။ ဆေးတက္ကသိုလ်တက်ဘို့ လျှောက်ထားပါတယ် ဆရာမ။
ခ။ ကောင်းတယ်ကွယ်။
ဆရာဝန်ဖြစ်ရင် ဆရာဝန်မရှိတဲ့ကျေးရွာတွေကိုသွားနိုင်အောင် ကြိုးစားစေချင်တယ်ကွယ်။
က။ ဟုတ်ကဲ့ ဆရာမ၊ ကျွန်မကိုယ်တိုင်တောသူမို့ တောင်သူလယ်သမားတွေရဲ့ ကျန်းမာရေးကို စောင့်လျှောက်ဘို့ ကြိုးစားချင်ပါတယ်။
ခ။ ကောင်းပါတယ်ကွယ်။
ဆရာမအတန်းထဲမှာ အလိမ္မာဆုံးတပည့်က ဆရာမကို လာကန်တော့တဲ့အတွက် ကျေးဇူးတင်ပါတယ်။
နောင်လဲကြုံရင် ဆရာမဆီလာလည်အုံးနော်။
က။ ဟုတ်ကဲ့ ဆရာမ၊ သွားလိုက်ပါအုံးမယ် ရှင်။

ဘယ်တော့မှမ V ဘူး။

ဆရာမရဲ့ကျေးဇူးကို ဘယ်တော့မှမမေ့ပါဘူး။
ကိုကြည်ရှိန်ကို ဘယ်တော့မှမမေ့ဘူး။
ဒီလိုအမှားကို ဘယ်တော့မှမလုပ်ပါဘူး။
ခင်ဗျားကို ဘယ်တော့မှသစ္စာမဖောက်ဘူး။
မကြိုးစားရင် ဘယ်တော့မှမအောင်ဘူး။

ရည်ရွယ်

ဘာမေဂျာတက်ဘို့ ရည်ရွယ်သလဲ။
ဆေးတက္ကသိုလ်တက်ဘို့ ရည်ရွယ်ပါတယ်။
ဘာအလုပ်လုပ်ဘို့ ရည်ရွယ်သလဲ။
ကျောင်းဆရာ(ဆရာမ)လုပ်ဘို့
အစိုးရဝန်ထမ်းလုပ်ဘို့
စာရေးဆရာ(စာရေးဆရာမ)လုပ်ဘို့

မို့ ၊ လို့

ကျွန်မ တောသူမို့ ရန်ကုန်အကြောင်းကိုသိပ်မသိပါဘူး။
ကျွန်မ ကျောင်းသူမို့ ကျောင်းတက်ရမယ်။
ကျွန်မ နေမကောင်းလို့ ဒီနေ့ကျောင်းမတက်နိုင်ဘူး။
ကျွန်မ အလုပ်သိပ်များလို့ မအားပါဘူး။

အ — ဆုံး

သူ ကျောင်းထဲမှာ အလိမ္မာဆုံးကျောင်းသားပါ။
ဒါက အမြန်ဆုံးရထားပါ။
ရုပ်ရှင်မင်းသမီးထဲမှာ ဘယ်သူ့ကိုအကြိုက်ဆုံးလဲ။
အကောင်းဆုံးလိမ္မော်သီးကိုပေးပါ။

## အခန်း ၅　　ခင်ဗျား လုံးဝသတ္တိမရှိဘူးဗျာ။

က- မမြမြဝင်း
ခ- ကိုဇာနည်အောင်
ဂ- ကိုမောင်ဝင်း

(ပထမနေ့)

က॥ ဟော၊ ကိုဇာနည်အောင်ပါလား၊ အိမ်လာလည်တာလား॥
ခ॥ ဟုတ်ကဲ့၊ လာလည်တာပါ॥
က॥ ဘာကိစ္စများရှိလို့လဲ॥
ခ॥ ဟာ၊ ----မရှိပါဘူး၊ မရှိပါဘူး॥
ပြန်--ပြန်အုံးမယ်နော်॥

(ဒုတိယနေ့)

က॥ အော်၊ ကိုဇာနည်အောင်ပါလား॥
အလည်သက်သက်ဘဲလား॥
ခ॥ ဟုတ်--ဟုတ်ကဲ့၊ မိသားစုနေကောင်းကြရဲ့လား॥
က॥ ဟုတ်ကဲ့၊ နေကောင်းကြပါတယ်॥
ခ॥ သွားမယ်နော်॥
က॥ ဟုတ်ကဲ့၊ ကောင်းပါပြီ ရှင်॥

(တတိယနေ့)

ခ॥ ကိုမောင်ဝင်း၊ ကျွန်တော် မမြမြဝင်းကိုရည်းစားစကား ပြောချင်လို့ အတူတူလိုက်ခဲ့ပေးပါလား။

ဂ॥ ခင်ဗျား တကယ်ပြောမှာလား။ အရင်တခါအတူတူသွားတုန်းက မမြမြဝင်းကို ခင်ဗျားဘာမှမပြောရဲလို့ ကျွန်တော်တစ်ယောက်တည်း မမြမြဝင်းကိုစကားပြောနေရတာ မှတ်မိသေးလား။

ခ॥ ဒီတစ်ခါ တကယ်ပြောမှာပါ။

ဂ॥ ကောင်းပြီ၊ ဒါဆို လိုက်ခဲ့ပေးမယ်။

(၂ ယောက် မမြမြဝင်းအိမ်ကိုသွားကြတယ်။)

က॥ ဟော၊ ကိုဇာနည်အောင်နဲ့ ကိုမောင်ဝင်းတို့ပါလား။ ဘယ်က လှည့်လာကြတာလဲ။

ဂ॥ ဒီနားကပါ၊ ပျင်းပျင်းရှိလို့ လျှောက်လာတာ။

ခ॥ မိသားစုအားလုံးနေကောင်းကြပါသလား။

က॥ နေကောင်းကြတာပေါ့။ မနေ့တုန်းကလဲ မေးသေးတယ် မှတ်လား။

ခ॥ ဟုတ်--ဟုတ်တယ်နော်---။ ခွေးကော--နေကောင်းရဲ့လား။

က॥ ကျွန်မတို့အိမ်မှာခွေးမရှိပါဘူး၊ ကြောင်ဘဲရှိတယ်။ ကြောင်လဲနေကောင်းတယ်လေ။

ခ॥ အော်၊ ဟုတ်လား---။

ဂ။ ကိုဇာနည်အောင်၊ ဘာမဆိုင်တာတွေလျှောက်ပြောနေလဲ။
တကယ်ပြောချင်တာကိုပြောလိုက်လေ။
ခ။ ပြော---ပြောမှာပါဗျာ၊ ဖြေးဖြေးပေါ့။
က။ ကိုဇာနည်အောင်၊ ကျွန်မကို ပြောစရာကိစ္စများရှိသလား။
ခ။ ဟုတ်--ဟုတ်ကဲ့၊ ရှိ--ရှိပါတယ်။
မမြမြဝင်း---ဟိုဒင်း---ဘာလဲ---ဥပုသ်စောင့်တဲ့အခါ
၅ ပါးသီလယူသလား၊ ၈ ပါးသီလယူသလား၊ ဒါမှမဟုတ်
၁၀ ပါးသီလယူသလား။
က။ ကျွန်မ ၈ ပါးသီလယူပါတယ်။

ခ။ အော်၊ ဟုတ်လား။
မမြမြဝင်းက ဘုရားတရားတော်တော်ကိုင်းရှိုင်းတယ်နော်။
---လူတွေဟာ၊ လောဘ၊ ဒေါသ၊ မောဟတွေ များလွန်း
လို့ အနိစ္စသဘောကိုမေ့နေကြတယ်နော်။---
လောဘ၊ ဒေါသ၊ မောဟဆိုတာ---
က။ ကိုဇာနည်အောင် တခြားကိစ္စမရှိဘူးလား။
ကျွန်မလဲအလုပ်သိပ်များနေလို့။
ဂ။ မမြမြဝင်း၊ စိတ်မရှိပါနဲ့။
သူငယ်ချင်း နေမကောင်းဖြစ်သွားတယ်ထင်တယ်။
ကျွန်တော်တို့ပြန်ပါအုံးမယ်။ ကိုဇာနည်အောင်၊ သွားကြစို့။

(၂ ယောက် ကိုမောင်ဝင်းအိမ်ကိုပြန်လာကြတယ်။)

၈။ ကိုဇာနည်အောင် ခင်ဗျားလုံးဝသတ္တိမရှိဘူးဗျာ။
ဘာတရားစကားတွေပြောနေတာလဲ။
တော် ပြီဗျာ။
နောက်ခင်ဗျားနဲ့ ဘယ်တော့မှအဖော်လိုက်မပေးတော့ဘူး။

သက်သက်

အလည်သက်သက်ဘဲလား။
အလည်သက်သက်လာခဲ့ပါ။
အပျော်သက်သက်လမ်းလျှောက်နေတယ်။

အတူတူ

အတူတူလိုက်ခဲ့ပေးပါ။
အတူတူမသွားချင်ဘူး။
သူပြောတာနဲ့ကျွန်တော်ပြောတာဟာ အတူတူပါဘဲ။

V + ရဲ

မမြမြဝင်းကို ဘာမှမပြောရဲဘူး။
ကြောက်စရာကောင်းလို့ မသွားရဲဘူး။
အထက်အရာရှိကို ကိုယ့်ထင်မြင်ချက်ပြောပြရဲတယ်။

လျှောက် + V

ဘာမဆိုင်တာတွေ လျှောက်ပြောနေသလဲ။

အလကား လျှောက်ပြောတယ်။

အလကား လျှောက်လုပ်နေတယ်။

လျှောက်ကစားမနေနဲ့။

## အခန်း ၆ မိတ်ဆွေအသစ်နဲ့ မိတ်ဆက်ပေးမယ်။

က– ကိုလှဆောင်
ခ– ကိုတာနာက(ဂျပန်)
ဂ– ကိုမောင်ဝင်း

က။ ဟော့၊ကိုမောင်ဝင်း။
မိတ်ဆွေအသစ်နဲ့ မိတ်ဆက်ပေးမယ်။
သူ ဂျပန်ကလာတဲ့ ကိုတာနာကပါ။
ရန်ကုန်ရောက်တာမကြာသေးဘူး။
ခ။ ကျွန်တော်တာနာကပါ။တွေ့ရတာသိပ်ဝမ်းသာပါတယ်။
ဂ။ ကျွန်တော်မောင်ဝင်းပါ။တွေ့ရတာဝမ်းသာပါတယ်။
ကိုတာနာကဟာ ဂျပန်အစိုးရကလွှတ်တဲ့ ပညာတော်သင်
ဖြစ်ပါသလား။
ခ။ ဟုတ်ပါတယ် ခင်ဗျာ။
အခု နိုင်ငံခြားဘာသာသိပ္ပံမှာ ဗမာစကားကို
သင်ယူနေပါတယ်။
ဂ။ ဟုတ်လား၊ကောင်းကောင်းပြောတတ်နေပြီနော်။
ခ။ မပြောတတ်သေးပါဘူး။
က။ ကိုတာနာက က ဗမာပြည်ရဲ့တက္ကသိုလ်ပညာရေးစံနစ်ကို
စိတ်ဝင်စားတယ်တဲ့။

ဂ။ အော်၊ဟုတ်လား။

ခ။ ဗမာပြည်မှာ တက္ကသိုလ်ဝင်ဘို့အတွက် ဘယ်လိုစာမေးပွဲကို ဖြေရပါသလဲ ခင်ဗျာ။

ဂ။ ၁၀ တန်းစာမေးပွဲကိုအောင်ရင် တက္ကသိုလ်ဝင်နိုင်ပါတယ်။

ခ။ ဘယ်တက္ကသိုလ်မဆို ဝင်နိုင်ပါသလား ခင်ဗျာ။

ဂ။ မဝင်နိုင်ပါဘူး။
၁၀ တန်းစာမေးပွဲမှာရတဲ့ အောင်မှတ်ကိုလိုက်ပြီး ဆုံးဖြတ်ပါတယ်။ အမှတ်များမှ ကောင်းတဲ့တက္ကသိုလ်ကို ဝင်နိုင်ပါတယ်။

ခ။ ဟုတ်ပါသလား။
ဘယ်တက္ကသိုလ်က ဝင်ဘို့အခက်ဆုံးပါလဲ ခင်ဗျာ။

ဂ။ ဆေးတက္ကသိုလ်နဲ့ စက်မှုတက္ကသိုလ်ပါ။

က။ စီးပွါးရေးတက္ကသိုလ်လဲဝင်ဘို့ခက်ပါတယ်။
ကွန်ပျူတာမေဂျာနဲ့ နိုင်ငံတကာဆက်ဆံရေးပညာမေဂျာလဲ ခက်ပါတယ်၊မဟုတ်ဘူးလား ကိုမောင်ဝင်း။

ဂ။ ဟုတ်တယ်။

ခ။ တခြားမေဂျာကတော့ ဝင်ဘို့လွယ်ပါသလား။

ဂ။ မလွယ်ပေမဲ့ သိပ်မခက်ပါဘူး။

က။ ကိုမောင်ဝင်း၊ကိုတာနာကကို ဆရာဦးရာဇာနဲ့ မိတ်ဆက်ပေးနိုင်မလား။

ဂ။ ရပါတယ်၊ဆရာဦးရာဇာဆီသွားကြရင် တက္ကသိုလ်ပညာရေး စံနစ်ကို ကောင်းကောင်းရှင်းပြပေးနိုင်မယ် ထင်တယ်။ ကိုတာနာက အခုအားပါသလား။

ခ။ အားပါတယ် ခင်ဗျာ။

ဂ။ ဒါဆို ကျွန်တော်နဲ့အတူတူ သမိုင်းဌာနသွားပြီး
ဆရာဦးရာဇာနဲ့ မိတ်ဆက်ပေးပါမယ်။ လိုက်ခဲ့ပါ။

ခ။ ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။

n + အသစ်

မိတ်ဆွေအသစ်

ကျောင်းအုပ်ကြီးအသစ်

ဝန်ကြီးချုပ်အသစ်

အဆောက်အဦးအသစ် (တိုက်အသစ်)

V+ ဘို့အတွက် ၊ V+ဘို့

ဗမာပြည်မှာ တက္ကသိုလ်ဝင်ဘို့အတွက် ခက်ပါသလား။

ဂျပန်ပြည်မှာ အလုပ်ရဘို့အတွက် သိပ်မခက်ပါဘူး။

ဘယ်တက္ကသိုလ်က ဝင်ဘို့အခက်ဆုံးပါလဲ။

စာမေးပွဲအောင်ဘို့ မလွယ်ပါဘူး။

ဘယ် n မဆို

ဘယ်တက္ကသိုလ်မဆို ဝင်နိုင်ပါသလား။
ဘယ်သူမဆို သွားနိုင်ပါတယ်။
ဘယ်နေရာမဆို နေနိုင်ပါတယ်။
ဘယ်နိုင်ငံမဆို လူဆိုးတွေရှိပါတယ်။
ဘယ်အချိန်မဆို ဆိုင်ဖွင့်နေပါတယ်။

V + မှ

အမှတ်များမှ ကောင်းတဲ့တက္ကသိုလ်ကိုဝင်နိုင်တယ်။
မဖြူဖြူဝင်းနဲ့ကွဲကွာမှ သူ့ကိုချစ်သွားတယ်။
အိမ်ကိုပြန်ရောက်မှ ပိုက်ဆံအခိုးခံရတာကို သိရတယ်။
ဝါဒဆိုတာ ပြည်သူလူထုကထောက်ခံမှ ပြန့်နှံ့တယ်။

တက္ကသိုမေဂျာ

သမိုင်း ဘောဂဗေဒ
နိုင်ငံတကာဆက်ဆံရေးပညာ
ပထဝီ စာပေ
ဒဿနိကဗေဒ ဘာသာဗေဒ
သတ္တဗေဒ ရူပဗေဒ
ဓာတုဗေဒ စက်မှုပညာ
သင်္ချာ ဇီဝဗေဒ
စိတ္တဗေဒ

အခန်း ၇ အစိုးရဆိုင်ဆိုတာ---

က- ကိုဇာနည်အောင်
ခ- ကိုလှဆောင်
ဂ- ကိုမောင်ဝင်း
ဃ- စားပွဲထိုး
င- မခင်ခင်

(ကိုဇာနည်အောင်၊ ကိုလှဆောင်နဲ့ ကိုမောင်ဝင်းတို့ ၃ ယောက်သား လက်ဘက်ရည်ဆိုင်ကို ဝင်ကြတယ်။)

ဃ။ ဘာသောက်မလဲ။
က။ ကျွန်တော်ကတော့ လက်ဘက်ရည်ချိုပေါ့ဘဲ။
ခ။ ကျွန်တော်ကတော့ ရိုးရိုးဘဲ။
ဂ။ ကျွန်တော်ကတော့ နက်(စ်)ကော်ဖီသောက်မယ်။
က။ ကျွန်တော် မနေ့က သူငယ်ချင်းနဲ့အတူ
အစိုးရလက်ဘက်ရည်ဆိုင်ကို သွားခဲ့တယ်။
လက်ဘက်ရည်မှာလိုက်ပေမဲ့ တော်တော်နဲ့ ရောက်မလာဘူး။
ဒါနဲ့ စားပွဲထိုးကိုထပ်မေးတယ်။
ဂ။ သူက ဘာပြောလဲ။

က။ ခဏစောင့်ပါအုံး၊ လက်ဘက်ရည်ဖျော်တဲ့လူက
အခု ဟိုဘက်ဆိုင်မှာ လက်ဘက်ရည်သောက်နေလို့ပါတဲ့။
(၃ ယောက်စလုံး ရီကြတယ်)

ခ။ အစိုးရဆိုင်ဆိုတာ အဲဒီလိုပါဘဲ။
ဒီဆိုင်လို ပုဂ္ဂလိကဆိုင်တွေမှာ မဖြစ်နိုင်တဲ့
ဖာတ်လမ်းမျိုးတွေဟာ အစိုးရဆိုင်မှာတော့
ခဏခဏဖြစ်တတ်တယ်ဗျာ။
ဂ။ ဟုတ်တယ်နော်။
ကျွန်တော်လဲ အရင်အစိုးရမျက်မှန်ဆိုင်သွားတုန်းက
ဒုက္ခရောက်ခဲ့တယ်လေ။
က။ ပြောစမ်းပါအုံး။
ဂ။ အဲဒီဆိုင်မှာ ဘီဒိုထဲမှာ မျက်မှန်တွေပြထားပေမဲ့
ရောင်းသူက ထုတ်ပြရမှာကို ဝန်လေးနေတယ်။
မျက်မှန်အကြောင်းမေးတော့လဲ ဘာမေးမေး
"မသိဘူး" တဲ့ဗျာ။
နောက်ဆုံး သူက ကျွန်တော့်ကို စိတ်ဆိုးသွားသေးတယ်။
ခ။ ခင်ဗျားတို့မသိဘူးလား။
အစိုးရဆိုင်မှာအလုပ်လုပ်တဲ့အခါ စကားသုံးလုံးဘဲတတ်ရင်
တော်ပြီတဲ့။
က။ ဘာစကားများလဲ။
ခ။ မရှိဘူး၊ မသိဘူး၊ ကုန်သွားပြီ ဆိုတဲ့သုံးလုံးလေဗျာ။

က၊ဂ။ ဟာ၊ဟုတ်သားဘဲ၊ လုံး၀ မှန်တယ်ဗျာ။

က။ ဟော၊ ဟိုမှာလာနေတာ မနှစ်ကကျောင်းပြီးသွားတဲ့
　　မခင်ခင်လှ မှုတ်လား။

ခ။ ဟုတ်တယ်၊ မခင်ခင်လှပါဘဲ။
　　ခေါ်ကြည့်လိုက်ဗျာ။

က။ မခင်ခင်လှ၊ ဘယ်သွားမလို့လဲ။

င။ ငါဘယ်သွားသွား နင်နဲ့ ဘာဆိုင်လဲ၊ဟွန်း။

က။ ဟာ၊ကြောက်စရာဘဲ။
　　မာလိုက်တာ။
　　ကေန္တ သူ့အခုအစိုးရဆိုင်မှာ အလုပ်ရသွားပြီ ထင်တယ်။

ခ၊ဂ။ ဟားဟား၊ဟုတ်နိုင်တယ်ဗျာ။ဟားဟား။

လက်ဘက်ရည်၊ ကော်ဖီ
　　ချိုပေါ့ ချိုဆိမ့်. ရိုးရိုး
　　နက်(စ်)ကော်ဖီ
　　သကြားမထည့်နဲ့၊ နို့ဆီမထည့်နဲ့၊

— ဆိုတာ

အစိုးရဆိုင်ဆိုတာ အဲဒီလိုပါဘဲ။

လူ့ဘာဝဆိုတာ ဒုက္ခများပါတယ်။

သူ လာမလားမလားဘူးလားဆိုတာ ကျွန်မမသိပါဘူး။

ဗမာစကားလွယ်တယ်ဆိုတာ မမှန်ပါဘူး။

လူ့အခွင့်အရေးဆိုတာ ဘယ်သူမဆိုရှိရမယ်။

နိုင်ငံရေးခေါင်းဆောင်ဆိုတာ ဂုဏ်သိက္ခာရှိရမယ်။

ဒုက္ခ

ဒုက္ခရောက်တယ်။

သူ ပိုက်ဆံပြန်မပေးလို့ ကျွန်တော်ဒုက္ခရောက်တယ်။

ဒုက္ခဘဲ။

အော်၊ ဒုက္ခဘဲ၊ ဓာတ်ဆီကုန်သွားပြီ၊

မမောင်းနိုင်တော့ဘူး။

ဘာ + V V

မခင်လှကို ဘာမေးမေး သူပြန်မပြောဘူး။

မောင်မောင်ဟာ ဘာလုပ်လုပ် အသုံးမကျဘူး။

ဆရာက ဘာပြောပြော သူမဖြုန်ဘူး။

လုံးဝ

ကိုဝင်းရွှေပြောတာ လုံးဝ မမှန်ပါဘူး။
လုံးဝ မှန်ပါတယ်။

မှုတ်လား

ဟိုမှာလမ်းလျှောက်နေတာ မခင်ခင် မှုတ်လား။
ခင်ဗျားရှင်းပြတာ မှားနေတယ် မှုတ်လား။
မညွန့်ညွန့်ဝင်းကချောလို့ ကူညီပေးနေတယ် မှုတ်လား။

## အခန်း ဂ ဘတ်(စ်)ကားဒုက္ခ

က- မတင်တင်လှ
ခ- မသန်းသန်းထွေး
ဂ- လက်မှတ်ရောင်း(၁)
ဃ- လက်မှတ်ရောင်း(၂)

က။ မသန်းသန်းထွေး၊
အမအခုဗိုလ်ချုပ်ဈေးသွားပြီးဈေးဝယ်မလို့ လိုက်အုံးမလား။
ခ။ လိုက်မယ် အမ၊ ထွေးလဲဝယ်စရာရှိတယ်လေ။
ကျွန်မတို့ ဘာနဲ့သွားကြမလဲ။
တက္ကစီနဲ့လား၊ဘာတ်(စ်)ကားနဲ့လား။
က။ ဘတ်(စ်)ကားနဲ့သွားရအောင်။
ခ။ ဟုတ်ကဲ့ အမ။

(၂ ယောက် ဘတ်(စ်)ကားမှတ်တိုင်ကိုရောက်ကြတယ်။)

ခ။ အမရယ်၊ ကားချောင်တယ်။ အဲဒီကားနဲ့သွားကြစို့။
က။ အေး၊ကောင်းသားဘဲ၊ တက်ကြရအောင်။
ခ။ ဗိုလ်ချုပ်ဈေး ၂ ယောက်။
ဂ။ ရော့၊လက်မှတ် ၂ စောင်နဲ့ ပြန်အမ်းငွေ။

(ဘတ်(စ်)ကားက မြို့ထဲကိုဝင်ကြတယ်။)

ဂ။ ဗိုလ်ချုပ်ဈေးပါလား၊ ဗိုလ်ချုပ်ဈေး။
က။ ပါတယ်၊ပါတယ်။

(၂ ယောက် ဗိုလ်ချုပ်ဈေးမှာ ဈေးဝယ်ကြတယ်။)

က။ ဝယ်ပြီးပြီလား၊ အပြန်ကတော့ တက္ကစီနဲ့ပြန်ရအောင်။
ခ။ ဟုတ်ကဲ့ အမ၊ ---ဟာ၊တက္ကစီကရှားလိုက်တာ။
က။ ကဲ၊မတတ်နိုင်ဘူး။ ဘတ်(စ်)ကားဂိတ်ဘဲသွားရအောင်။

(၂ ယောက် ဘတ်(စ်)ကားဂိတ်ကိုရောက်ကြတယ်။)

ခ။ ရုံးဆင်းချိန်မို့ ကားဂိတ်မှာလူများနေပြီ။
က။ ၁၄ ကား စီးရအောင်။ အခုဆိုက်နေတဲ့ကားလေ။
ခ။ ဟုတ်ကဲ့။
ဃ။ အလယ်ကိုတိုးကြပါ၊ အလယ်မှာ ကလို့တောင်ရနေတယ်။
ကဲကဲ၊အမြန်တိုးတက်ကြ။
က။ မာလာဆောင် ၂ ယောက်။
ဃ။ ရော့၊လက်မှတ် ၂ စောင်။
က။ အကြွေရော။

ဃ။ နောက်မှပေးမှာပေါ့ဗျာ။ အလယ်ကိုတိုးတိုး။
---ဟံသာဝတီပါလား၊---စိုက်ပျိုးရေးပါလား။
ပါရင်ပြောကြပါ၊မပြောရင်မောင်းမယ်နော်။
ခ။ အမ၊ပြန်အမ်းငွေရပြီလား။
က။ မရသေးဘူး။ သူ့မှာ အကြွေတွေရှိရက်သားနဲ့ သက်သက်မပေးတာ။ မတောင်းတော့ဘူး။
ခ။ အခုတလော ကျပ်တန်ပေးလိုက်ရင်ပြန်အမ်းငွေမရနိုင်တာ များတယ်နော်။ မကောင်းဘူး။
က။ ဘတ်(စ်)ကားစီးဘို့အတွက် အမြဲအကြွေဆောင်ထားရမလို ဖြစ်နေတယ်။
ဃ။ မာလာဆောင်ပါလား။
က။ ပါတယ်၊ပါတယ်။
ဃ။ မာလာဆောင်ပါတယ်။ ကဲကဲ၊အမြန်ဆင်းကြ။
က။ ဟာ၊မောလိုက်တာ။
ခ။ ဟုတ်တယ်နော် အမ၊ အခုမှဘဲ ဝဋ်ကျွတ်တယ်။
နောက်တစ်ခါ ဘတ်(စ်)ကားမစီးရဲသလောက်ဘဲ။

ပါလား၊ ပါတယ်။
ဗိုလ်ချုပ်ဈေး ပါလား။
ပါတယ်။

ဆိုက်

ကျောင်းလမ်းမှတ်တိုင်မှာ ဘတ်(စ်)ကားဆိုက်နေပြီ။
ရန်ကုန်ဘူတာရုံမှာ ရထားမဆိုက်သေးဘူး။
ဒီရထား တောင်ငူဘူတာ ဆိုက်ပါမလား။

ရက်သားနဲ့

သူ့မှာ အကြွေတွေရှိရက်သားနဲ့ သက်သက်မပေးဘူး။
ရှင်တို့လဲ သိကြရက်သားနဲ့ ဘာကြောင့်မပြောပါသလဲ။
ကိုစိန်ဝင်းဟာ ရန်ကုန်ရောက်ရက်သားနဲ့ ဖုန်းမဆက်ဘူး။

အခုမှ(ဘဲ)

အခုမှဘဲ ဝဋ်ကျွတ်တယ်။
အခုမှ လခရနိုင်တယ်။
အခုမှ သိသွားပါတယ်။

## အခန်း ၉ သင်္ကြန်

က- ကိုဇော်နည်အောင်
ခ- ကိုတာနာက(ဂျပန်)

(ကိုဇော်နည်အောင်နဲ့ ကိုတာနာကတို့ ၂ ယောက်က အခန်းထဲမှာ စကားပြောနေကြတယ်။)

က။ ကိုတာနာက ရန်ကုန်ရောက်တာ ဘယ်လောက်ကြာပြီလဲ။
ခ။ ၄ လ ရှိသွားပါပြီ။
က။ ခင်ဗျား ဗမာပြည်မှာ သင်္ကြန်မကြုံ သေးဘူးနော်။
ခ။ ဟုတ်ကဲ့၊ မကြုံသေးပါဘူး။
က။ မနက်ဖြန်ဆိုသင်္ကြန်ကျပြီ။
သင်္ကြန်ဟာဗမာနိုင်ငံပွဲတော်တွေထဲမှာ အပျော်ဆုံးပွဲတော်တစ်ခုဘဲ။
ဗမာပြက္ခဒိန်မှာ နှစ်ဟောင်းကုန်လို့ နှစ်သစ်ကူးတဲ့အချိန်ဖြစ်တယ်။
ခ။ အချင်းချင်းရေပက်ကြတယ်နော်။
က။ ဟုတ်တယ်၊ ရေပက်ကြတယ်။

ခ။ ဘာဖြစ်လို့ ရေပက်ကြပါသလဲ ခင်ဗျာ။

က။ ဘာဖြစ်လို့လဲဆိုတော့ နှစ်ဟောင်းအညစ်အကြေးတွေကို ဆေးကြောဘို့အတွက်ပေါ့ဗျာ။

ဒါပေမဲ့ လက်တွေ့ကျတော့ ပျော်စရာကောင်းလို့ ရေပက်ကြတာဗျာ။

ခ။ ဟုတ်လား။

က။ မနက်ဖြန်ကျရင် အတူတူလျှောက်လည်ရအောင်။

ခ။ ကောင်းပါတယ် ခင်ဗျာ။

(သကြိန်ကျပြီ။ ၂ ယောက် မြို့ထဲကို လျှောက်လည်ကြတယ်။)

က။ ရန်ကုန်ဘူတာကြီးအရှေ့မှာအမျိုးသမီးတွေ ကနေကြတယ်။ သွားကြည့်ရအောင်။

ခ။ အော်၊ အမျိုးသမီးချောချောတွေ ကနေကြတာ အရမ်းကြည့်လို့ကောင်းတယ်နော်။

(ဒီအခါ ရုတ်တရက် မိန်းကလေးတစ်ယောက်က ကိုတာနာကကို ရေပက်လိုက်တယ်။)

ခ။ အင်းလေ၊ ဒုက္ခဘဲ။

ဒီမိန်းကလေး သိပ်ရိုင်းတာဘဲ။

က။ စိတ်မဆိုးပါနဲ့နော်၊ ကိုတာနာကရယ်။
ဒါက ရိုးရာယဥ်ကျေးမှုအရ ရေပက်တာပါ။
ခင်ဗျားရဲ့ နှစ်ဟောင်းအညစ်အကြေးတွေကို
ဆေးကြောပေးတယ်လို့ သဘောထားပါဗျာ။
ခ။ ဟုတ်ကဲ့၊ နားလည်ပါတယ်။ စိတ်မဆိုးတော့ပါဘူး။

(ဒီအခါ ရုတ်တရက် ယောကျာ်းလေးတစ်ယောက်က
ကိုဇာနည်အောင်ကို ညစ်ပတ်တဲ့ရေနဲ့ ပက်လိုက်တယ်။)

က။ ဟာ၊ ဒီခွေးကောင်လေး၊ ဒီလောက်ညစ်ပတ်တဲ့ရေနဲ့
ပက်တယ်ကွ။ အကျင့်ယုတ်တဲ့ကလေးဗျာ။
ခ။ စိတ်မဆိုးပါနဲ့၊ ကိုဇာနည်အောင်။
ရိုးရာယဥ်ကျေးမှုဆို။
နှစ်ဟောင်းအညစ်အကြေးကို ဆေးပေးတယ် မှတ်လား။
က။ မဟုတ်ဘူး။
ကျွန်တော်တို့ငယ်ငယ်တုန်းက ဒီလောက်ညစ်ပတ်တဲ့ရေနဲ့
ဘယ်သူ့ကိုမှမပက်ဘူး။
သန့်ရှင်းတဲ့ရေနဲ့ဘဲပက်တာဗျာ။
ယဥ်ကျေးမှုက တဖြေးဖြေးဆုတ်ယုတ်လာတာကွ။
မကောင်းဘူး။
ခ။ မေ့လိုက်ပါ၊ စိတ်အေးအေးထားပါ။

က။ ဟုတ်တယ်နော်။

ဘယ်လောက်ဒေါသထွက်ထွက် အစိပ္ပါယ်မရှိဘူးနော်။

ကဲ၊ သွားရအောင်။ ဟိုမှာမိန်းကလေးချော ချော တွေ ရှိကြတယ်။

ခ။ ကိုဇာနည်အောင်၊ ခင်ဗျား တကယ်လို့ မိန်းကလေးတွေက ရေပက်ရင် ရေညစ်ညစ်မညစ်ညစ် စိတ်မဆိုးဘူးထင်တယ်၊ ယောကျ်ားလေးကရေပက်လို့ စိတ်ဆိုးသွားတယ်၊ မဟုတ်ဘူးလား။

က။ ဟား-ဟား-ဟား၊ ဒုက္ခဘဲ၊ မသိဘူးဗျာ။

ဘာဖြစ်လို့ (ဘာပြုလို့) — လဲ။

ဘာဖြစ်လို့ လဲ။

ဘာဖြစ်လို့ ရေပက်ကြပါသလဲ။

စာမဖတ်ပါသလဲ။

ဆရာမကိုမခေါ်ပါသလဲ။

ဘာဖြစ်လို့လဲဆိုတော့ လို့(ပါ)။

ဘာဖြစ်လို့လဲဆိုတော့ ပျော်စရာကောင်းလို့ပါ။

အိမ်မှာအိပ်သွားလို့ပါ။

ဆရာမအခုရန်ကုန်မှာမရှိလို့ပါ။

လက်တွေ့ကျတော့

လက်တွေ့ကျတော့ ကျောင်းလစ်တဲ့လူ များပါတယ်။
လက်တွေ့ကျတော့ ဒီလောက်ဆိုးတဲ့ကလေးဟာနဲပါတယ်။
လက်တွေ့ကျတော့ ဝတ္ထုဇာတ်လမ်းလိုမဖြစ်နိုင်ပါဘူး။

V+ လို့ကောင်း၊ V+လို့မကောင်း

အမျိုးသမီး ကနေကြတာ ကြည့်လို့ကောင်းပါတယ်။
ဟိုတယ်မှာ အိပ်လို့ကောင်းပါသလား။
ဒီရှမ်းခေါက်ဆွဲ စားလို့ကောင်းပါတယ်။
ယောကျာ်းတွေ ငိုကြနေတာ ကြည့်လို့မကောင်းပါဘူး။
ဒီမုန့်ဟင်းခါး စားလို့သိပ်မကောင်းပါဘူး။

သဘော

သဘောထား

ခင်ဗျားအတွက်လုပ်ပေးတယ်လို့ သဘောထားပါ။

သဘောပေါက်

ကျွန်တော်ပြောတာကို သဘောပေါက်ပါသလား။
မအေးအေးမြင့်ရှင်းပြတာကို သဘောမပေါက်ပါဘူး။

သဘောတူ

ဆရာကြီးပြောတာကို သဘောတူပါတယ်။
မခင်လှပြောတာကို သဘောမတူပါဘူး။

သဘောကျ

ဂျပန်ရုပ်ရှင်ကို သဘောကျတယ်။
အဲဒီလူလို ကျွန်တော်သိပ်သဘောမကျဘူး။

ဘယ်လောက် + VV , + adj adj , + adV adV

ဘယ်လောက်ဒေါသထွက်ထွက် အဓိပ္ပါယ်မရှိဘူး။
ဘယ်လောက်ချောချော အိန္ဒြေမရှိရင် မကောင်းဘူး။
ဘယ်လောက်ပိုက်ဆံရှိရှိ အချစ်ဆိုတာ မဝယ်နိုင်ပါဘူး။

—— မ —— (～でも ～でなくても)

ရေညစ်ညစ်မညစ်ညစ် ကိစ္စမရှိပါဘူး။
ဝါသနာပါပါမပါပါ ကျောင်းသားဆိုတာစာဖတ်ရမယ်။
အချန်ရှိရှိမရှိရှိ ဆရာမဆီကို သွားရမယ်။

# အခန်း ၁၀ မီးပျက်တာထုံးစံလိုဘဲ။

က- ကိုလှဆောင်
ခ- မမြမြဝင်း

က။ မမြမြဝင်း၊ စာမေးပွဲဖြေနိုင်ရဲ့လား။
ခ။ အေး၊ ဖြေနိုင်ပါတယ်။
ကိုလှဆောင်ကော။
က။ သိပ်မဖြေနိုင်ဘူး။
မမြမြဝင်းကတော့ ဒီနှစ်အောင်ရင်ကျောင်းပြီးပြီနော်။
တကယ်တော်တယ်ဗျာ။
ခ။ မမြှောက်ပါနဲ့။ ဘာမှမကျွေးနိုင်ဘူးလေ။
ကိုလှဆောင်ဘယ်နှစ်ဘာသာထိသွားသလဲ။
က။ ၃ ဘာသာလောက်ထိသွားတယ်။
အောင်ဘို့ခက်လိမ့်မယ်ထင်တယ်။ စိတ်ပူတယ်ဗျာ။
ခ။ ဘယ်ဘာသာတွေများထိသွားသလဲ။
က။ နိုင်ငံရေးသိပ္ပံ ( P.S. ) ၊ math နဲ့ အင်္ဂလိပ်စာဘဲ။
ခ။ P.S. ကတော့သိပ်ကိစ္စမရှိပါဘူး။
ကိုလှဆောင်က math မေဂျာမှတ်လား။
math မေဂျာနဲ့ P.S. ဟာမဆိုင်ပါဘူး။

ဒါကို P.S. ဆရာလဲသဘောပေါက်ပါတယ်။
အရေးကြီးတာကအင်္ဂလိပ်စာနဲ့ math ပါ။

က။ ဟုတ်တယ်ဗျာ။
အင်္ဂလိပ်စာကတော့ ၃၅ မှတ်လောက်ဘဲရမယ်ထင်တယ်။
ပိုဆိုးတာက math ဘဲ၊ ၃၀ တောင်မရနိုင်ဘူးထင်တယ်။

ခ။ တကယ်လား။
math မေဂျာယူနေတဲ့ကျောင်းသားက math ကိုအမှတ် ၃၀ တောင်မရနိုင်ဘူးဆိုရင် ဘယ်အောင်နိုင်မလဲ။
စာမေးပွဲမဖြေခင် ကောင်းကောင်းစာမဖတ်ခဲ့ဘူးလား။

က။ အေးဗျာ၊ ကျွန်တော်နေတဲ့ရပ်ကွက်မှာ အခုတလော ခဏခဏမီးပျက်တယ်။
အင်္ဂလိပ်စာနဲ့ math စာမေးပွဲအတွက်စာဖတ်တဲ့ရက်မှာလဲ မီးပျက်သွားလို့ သိပ်မဖတ်ဖြစ်လိုက်ဘူးဗျာ။

ခ။ ဒါဆိုကိုလှဆောင်ညံ့တာဘဲ။
ရန်ကုန်မှာမီးပျက်တာထုံးစံလိုဘဲ၊ မဟုတ်ဘူးလား။
ဘာကြောင့်အစကတည်းက စာကိုကြိုမဖတ်တာလဲ။

က။ အေး၊ ဒါငါ့အပြစ်ပါဘဲ။
ရန်ကုန်မှာနေသမျှ မီးပျက်တာထုံးစံပါဘဲနော်။
ကျွန်တော် အခုမှ နောင်တရတယ်။ နောင်နှစ်တော့ အစကတည်းက စာကိုကြိုးစားဖတ်တော့မယ်။

ခ။ ကိုလှဆောင်ရဲ့အပြစ်ကတဝက်၊ ရန်ကုန်မီးရဲ့အပြစ်က တဝက်ပါ။ ဒါပေမဲ့ ဘာဘဲဖြစ်ဖြစ် အစကတည်းက စာဖတ်ထားတော့ ပိုစိတ်ချမှာပေါ့။

က။ အေး၊ ကျွန်တော် ဒီနေ့ကစပြီး ကြိုးစားတော့မယ်။
ကဲ၊ သွားမယ်နော်။
ခ။ ကောင်းပါပြီ ရှင်။

မြှောက်

မမြှောက်ပါနဲ့၊ ဘာမှမကျွေးနိုင်ဘူး။

ထိ

ဘယ်နှစ်ဘာသာများ ထိသွားသလဲ။
၃ ဘာသာ ထိသွားတယ်။
တရားဥပဒေနဲ့ မထိအောင်လုပ်ပါ။
မြွေအဆိပ်ထိသွားတယ်။

တောင်

အမှတ် ၃၀ တောင် မရနိုင်ဘူးထင်တယ်။
ထမင်းတောင် မစားရသေးဘူး။
ဆရာမကိုတောင် မယုံးနိုင်ဘူးလား။

ဘယ် — မလဲ။ （反語表現）

အမှတ် ၃၀ တောင်မရနိုင်ဘူးဆိုရင် ဘယ်အောင်နိုင်မလဲ။
ချစ်သူနဲ့မတွေ့နိုင်ဘူးဆိုရင် ဘယ်ပျော်စရာကောင်းမလဲ။
တိုကျိုမှာ အိမ်လခ ဒီလောက်ကြီးရင် ဘယ်နေနိုင်မလဲ။

မ V ခင်

စာမေးပွဲမဖြေခင် ကောင်းကောင်းစာဖတ်ရမယ်။
ရုံးမတက်ခင် ဘယ်ကိုသွားနေသလဲ။
ရန်ကုန်မလာခင် ဘန်ကောက်မှာ ၂ ညတည်းပါတယ်။

ထုံးစံ

ရန်ကုန်မှာမီးပျက်တာ ထုံးစံလိုဘဲ။
ထုံးစံအတိုင်း မန္တလေးဘီယာကစသောက်မယ်။

V + သမျှ

ရန်ကုန်မှာနေသမျှ အန္တရာယ်မရှိပါဘူး။
ဂျပန်မှာရှိသမျှ မုန့်ဟင်းခါးမစားနိုင်ဘူး။
ကျွန်တော်ရှိသမျှ ခင်ဗျားကိုကူညီပေးပါမယ်။

နောင်တရ

ကျွန်တော် အခုမှနောင်တရပါတယ်။

ကတည်းက

အစကတည်းက စာကိုကြိုးစားဖတ်ရမယ်။
ရန်ကုန်ရောက်တဲ့နေ့ကတည်းက ဗမာစကားဘဲသုံးတယ်။
ငယ်ငယ်ကလေးကတည်းက အကိုနဲ့တစ်ခါးမှမတွေ့ဘူးဘူး။

ဘာဘဲဖြစ်ဖြစ်

ဘာဘဲဖြစ်ဖြစ် ပုသိမ်ရောက်ရင် ဖုန်းဆက်ပေးပါ။

時 + ကစပြီး

ဒီနေ့ကစပြီး ကြိုးစားတော့မယ်။
ကျွန်မ မနက်ဖြန်ကစပြီး ကျောင်းပြန်တက်ပါမယ်။
အခုချိန်ကစပြီး နိုင်ငံခြားသတင်းများကိုကြည့်ပါမယ်။